Perth Children's Hospital

ကျန်းမာရေးဆိုင်ရာ အချက်အလက်များ

# အဆုတ်လေပြွန်မွှာရောင်နာ

## အဆုတ်လေပြွန်မွှာရောင်နာ (Bronchiolitis) ဆိုသည်မှာ အဘယ်နည်း။

အဆုတ်လေပြွန်မွှာရောင်နာဆိုသည်မှာ မွေးကင်းစကလေးငယ်များတွင် မွေးပြီး ပထမဆုံးနှစ်အတွင်း ဖြစ်ပွားလေ့ရှိသည့် တုပ်ကွေးရောဂါဆန်ဆန် နာမကျန်းမှု ဖြစ်ပါသည်။ ထိုရောဂါသည် (bronchioles) ဟုခေါ်သည့် အဆုတ်ထဲရှိ လေပြွန်ငယ်များ ဗိုင်းရပ်စ်ပိုးများစွာထဲမှတစ်ခု (အဖြစ်အများဆုံးမှာ RSV ခေါ် နှာခေါင်းနှင့် လည်ချောင်းတွင် ရောဂါပိုးဝင်ခြင်းဖြစ်စေသော ဗိုင်းရပ်စ် (Respiratory Syncytial Virus)) ကြောင့်ဖြစ်ပွားသည်။ အဆုတ်လေပြွန်မွှာရောင်နာသည် ဆောင်းဥတုလများတွင် ပိုပြီးမကြာမကြာ ဖြစ်ပွားသည်။

အဆုတ်လေပြွန်မွှာရောင်နာသည် သာမန်အအေးမိခြင်း (နှာရည်ယိုခြင်း၊ နှာချေခြင်းနှင့် ချောင်းဆိုးခြင်း) ကဲ့သို့စတင်ပြီး အသက်ရှူ ခက်ခဲမှုများ (မြန်မြန်ရှူခြင်း၊ ကြိုးစား၍ရှူနေရခြင်း၊ သို့မဟုတ် ဆူညံသံထွက်နေရခြင်း) နှင့် နို့တိုက်ရန် အခက်အခဲများ (နို့စို့သည့်ပမာဏ၊ အကြိမ်ရေ သို့မဟုတ် စို့ချင်စိတ် နည်းသွားခြင်း) ကဲ့သို့သော ရောဂါလက္ခဏာများသို့ ဆိုးဝါးသွားနိုင်ပါသည်။




## ရောဂါဖော်ထုတ်တွေ့ရှိချက်

ရောဂါဖော်ထုတ်ရန်အတွက် အထူး စမ်းသပ်စစ်ဆေးချက် မရှိပါ။ သို့သော် နှာရည်များကို သင့်ကလေး မည်သည့် ဗိုင်းရပ်စ်အမျိုးအစား ရှိနေသည်ကိုသိရှိရန် ဓာတ်ခွဲခန်းပို့ပေးနိုင်ပါသည်။ ထိုဗိုင်းရပ်စ်အမျိုးအစားကြောင့် အဆုတ်လေပြွန်မွှာရောင်နာ ကုသမှုကို ပြောင်းလဲမည် မဟုတ်ပါ။

## မိမိအိမ်တွင် ပြုစုစောင့်ရှောက်ခြင်း

အိမ်အတွင်းနှင့် သင့်ကလေး၏အနီးတွင် မည်သည့်အခါမျှ ဆေးလိပ်မသောက်ပါနှင့်။ ဤအချက်သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ နာမကျန်းမှု တစ်ခုခုဖြစ်နေသည့် ကလေးများအနီးအနားအတွက် အထူးအရေးကြီးပါသည်။

- ဆေးဝါးများသည် အဆုတ်လေပြွန်မွှာရောင်နာ ဖြစ်နေသည့် ကလေးငယ်များကို မသက်သာစေပါ။ အဆုတ်လေပြွန်မွှာ ရောင်နာသည် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသောကြောင့် ဘက်တီးရီးယားပိုးသတ်ဆေးများကို မတိုက်ကျွေးပါ၊ ဘက်တီးရီးယားပိုးသတ်ဆေးများမှာ ဗိုင်းရပ်စ်ကို ကုသရန် မဟုတ်ပါ။
- နားနားနေနေ နေခိုင်းပါ။
- မိခင်နို့ သို့မဟုတ် နို့မှုန့် နှင့် ရေကို နည်းနည်းနှင့် ခဏခဏ တိုက်ပေးပါ။ ဤနည်းအားဖြင့် ကလေးသည် နို့စို့နေစဉ် အလွန် ပင်ပန်းမည် မဟုတ်ပါ။ အကယ်၍သင့်ကလေး အရည်လုံလုံလောက်လောက် မသောက်ပါက ရေဓာတ်ချို့တဲ့နိုင်ပါသည်။
- သင့်ကလေး ဂနာမငြိမ်ကယောက်ကယက်ဖြစ်နေပါက ပါရာစီတမော်လ် တိုက်ပါ။

- အဆုတ်လေပြွန်မှာရောင်နာသည် ကူးစက်တတ်သောရောဂါဖြစ်သောကြောင့် အခြား မွေးကင်းစကလေးများ သို့မဟုတ် ကလေးငယ်များနှင့် ထိတွေ့မှုသည် သူတို့အား ရောဂါရစေနိုင်သဖြင့် ပထမရက် အနည်းငယ်အတွင်း အခြား ကလေးငယ်များနှင့်ထိတွေ့မှုကို ရှောင်ကျဉ်ပါ။

အကယ်၍သင့်ကလေးသည် ဂနာမငြိမ်ဖြစ်နေပြီး နို့တိုက်ရန်ခက်နေပါက ဆေးရုံတင်ကုသရန် လိုအပ်နိုင်သည်။ ဆေးရုံဝန်ထမ်းများက လုပ်ရနိုင်သည်မှာ -

- ကလေးကို အောက်စီဂျင် ရှူစေရန်
- အစာအိမ်ထဲသို့ နှာခေါင်းမှတဆင့် ထည့်ထားသည့် ပိုက်ဖြင့် သို့မဟုတ် တခါတရံ သွေးကြောမှတဆင့် အကြောသွင်းပိုက်ဖြင့် အရည်များ ထည့်ပေးရန်
- သူတို့ ပိုပြီး မကျန်းမမာ ဖြစ်မလာစေရန် အနီးကပ် စောင့်ကြည့်ရန် တို့ဖြစ်ပါသည်။

## ဆက်လက်ကုသခြင်း

အကယ်၍သင့်ကလေးသည် အောက်ဖော်ပြပါအချက်များအနက် တစ်ခုခု ဖြစ်ပွားပါက ဆရာဝန်နှင့်တွေ့ရန် ရက်ချိန်းယူပါ (သို့မဟုတ် အရေးပေါ်လူနာဌာနသို့ ပြန်သွားပါ)။

- အသက်ရှူရန် ခက်ခဲခြင်း (အသက်ရှူ မြန်ခြင်း သို့မဟုတ် မူမမှန်ခြင်း၊ လည်ပင်းအနား အရေပြား နှင့် နံရိုး ချိုင့်ဝင်ခြင်း၊ ဦးခေါင်း ဆတ်ခနဲ ခါနေခြင်း၊ ညည်းညူသံထွက်ခြင်း)
- အရေပြား ပြာနှမ်းနှမ်းဖြစ်ခြင်း သို့မဟုတ် ဖျော့ပြီး ချွေးစိုနေခြင်း
- ပုံမှန်စို့သည့်နို့၏ ထက်ဝက်အောက် လျော့နည်းခြင်း သို့မဟုတ် အစာများ သို့မဟုတ် အရည်များကို ငြင်းဆန်ခြင်း
- ပုံမှန်ထက်ပိုပြီး ပင်ပန်းနွမ်းနယ်ပုံရခြင်း သို့မဟုတ် အိပ်ငိုက်နေပုံရခြင်း
- အခြားအကြောင်းကြောင့် သင့်ကလေးအတွက် စိတ်ပူပန်နေရခြင်း တို့ဖြစ်ပါသည်။

## မှတ်ထားရန် အဓိကအချက်များ

အချို့ကလေးများသည် အဆုတ်လေပြွန်မှာရောင်နာကြောင့် ပိုမို အန္တရာယ်ရှိကြပါသည်။ အကယ်၍ ကလေးသည် အောက်ပါအချက်များအနက် တစ်ခုခု ဖြစ်နေပါက အနီးဆုံး အရေးပေါ်လူနာဌာနသို့ သွားရောက်ပြသပါ -

- ရက်မစေ့ဘဲ မွေးဖွားခြင်း ( 23 ပတ်မတိုင်မီ မွေးဖွားခြင်း)
- အလွန်ငယ်ခြင်း (မွေးပြီး 10 ပတ်အောက်ဖြစ်ခြင်း)
- နာတာရှည် ရောဂါများ ရှိခြင်း (ဥပမာ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ အာရုံကြောဆိုင်ရာ ရောဂါ သို့မဟုတ် ကိုယ်ခံအား နှိမ့်ချခံရခြင်း)
- အက်ဘော်ရစ်ဂျင်နယ် သို့မဟုတ် တောရက်စ်စထရိတ် ကျွန်းသားဖြစ်ခြင်း တို့ဖြစ်ပါသည်။

- မွေးကင်းစကလေးငယ်များသည် ပို၍မကြာခဏ အနားယူရန်နှင့်အရည်အနည်းငယ်သောက်ရန် လိုအပ်ပါသည်။
- အဆုတ်လေပြွန်ငယ်များ ရောင်ခြင်းသည် နာမကျန်းဖြစ်သည့် ပထမရက်များတွင် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။
- အသက် 6 လအောက်အရွယ် မွေးစကလေးများတွင် ပိုပြီး အဖြစ်များသည်။
- မွေးကင်းစကလေးများသည် ပုံမှန်အားဖြင့် 3 ရက်မှ 5 ရက်ကြာ နေထိုင်မကောင်းဖြစ်ပြီး နောက်ထပ် 7 ရက်မှ 10 ရက်အတွင်း ပြန်လည်သက်သာလာကြသည်။ ချောင်းဆိုးခြင်းမှာ 2 ပတ်မှ 4 ပတ်အထိ ဆက်ဆိုးနိုင်ပါသည်။
- အိမ်အတွင်း ဆေးလိပ်သောက်ခြင်းသည် မွေးကင်းစကလေးများ အဆုတ်လေပြွန်မှာရောင်နာ ဖြစ်နိုင်ခြေ ပိုများစေပြီး ပို၍လည်း ဆိုးဝါးစေပါသည်။
- (ဆေးဆိုင်တွင်ဝယ်ယူနိုင်သည့်) နှာခေါင်းညှစ် ဆားရည်ကြည် (Saline nasal drops) သို့မဟုတ် နှာခေါင်းဖြန်း ဆားရည်ကြည် (Sprays) ဖြင့် နှာခေါင်းပိတ်ခြင်းကို သက်သာစေနိုင်ပါသည်။

**Child and Adolescent Health Service**
15 Hospital Avenue, Nedlands, WA, 6009.
တယ်လီဖုန်း - (08) 6456 2222
ထုတ်ဝေသူ - အရေးပေါ်လူနာဌာန
ရည်ညွှန်း - 529.2 © CAHS 2023

**ဤစာစောင်ကို မသန်စွမ်းမှု တစ်ခုခုရှိသူများအတွက် တောင်းခံပါက ပုံစံအမျိုးမျိုးဖြင့် ရရှိနိုင်ပါသည်။**

**တာဝန်မယူငြင်းဆိုချက် –** ဤစာစောင်သည် အထွေထွေ ပညာပေးရေးနှင့် သိကောင်းစရာများ ဖြန့်ဝေခြင်းအတွက် ရည်ရွယ်ပါသည်။ ကျန်းမာရေးဆိုင်ရာ အကြံဉာဏ် လိုအပ်ပါက ကျွမ်းကျင်သော ကျန်းမာရေးပညာရှင်များကို ဆက်သွယ်ပါ။
မူပိုင် © State of Western Australia, Child and Adolescent Health Service.